

(စာစဉ်-၁၂)

# ပြန်လည်မွေးဖွားလာသော ယောက္ခမဆိုး

ဘာသာပြန်Miracle Phyu

## အခန်း (၂၂၆)
## "ရှင့်လိုလူမျိုးက ကျွန်မရဲ့ ဖိနပ်သယ်ပေးဖို့တောင် မထိုက်တန်ဘူး"
## (၁)

ဗူးရေလက်ကျန်ကို ဖော်ပြထားသော အဝယ်စာရင်းအားမြင်ပြီး ကျန်းယာ့ကော အရမ်း စိတ်ဓာတ်ကျသွားခဲ့သည်။ အလှအပဆေးလုံးဖြစ်စေ ဆံပင်ကြီးထွားဆေးခရင်မ်ဖြစ်စေ သူမသည် ၎င်းတို့အထဲမှ တစ်ခုမျှ မရရှိခဲ့ပေ။ အရင်တုန်းက သူမဟာ အမြဲကံကောင်းခဲ့ပေမယ့် ဒီနှစ်ရဲ့ အစကနေ စပြီး သူမရဲ့ စိတ်ထင်သက်သက်ပဲလား မသေချာပေမယ့် သူမရဲ့ ကံတရားဟာ တဖြေးဖြေး ကျဆင်းသွားပုံရသည်။ သူမသည် အလှအပဆေးလုံးကို ရရှိနိုင်ဖို့ စောင့်ဆိုင်းနေတာ တော်တော်ကြာပြီ ဖြစ်ပေမယ့် မဲပေါက်သည့်အထဲမှာ အခုထိ မပါဝင်သေးပါဘူး။

သူမသည် ဖန့်ကျွင်းရုံကို သဘောမကျပေမယ့် သူမရဲ့ ထုတ်ကုန်တွေကတော့ ထိပ်တန်းအဆင့်ပဲ ဆိုတာကို ဝန်ခံရပေမည်။ အခုနောက်ပိုင်းတွင် သူမရဲ့ဆံပင်တွေက ခြောက်သွေ့ပြီး ကွတ်ဆပ်လာသဖြင့် ဆံပင်ကြီးထွားဆေးခရင်မ်ကို ထောက်ခံထားသည့် ထောက်ခံချက်များကို ဖတ်ပြီးမှ ဒါကို စမ်းသုံးကြည့်မည်ဟု သူမ တွေးလိုက်သည်။

သူမသည် ဖန့်ကွယ်မင်နှင့် အတူရှိနေခဲ့ပြီ ဖြစ်သည်။ သူမတို့နှစ်ယောက် အရက်သောက်ပြီးနောက် အတူအိပ်မိရာမှ တရားဝင် ချိန်းတွေ့နေခဲ့ပြီ ဖြစ်သည်။ ကျန်းယာ့ကောဟာ သူမရဲ့ ကိုယ်ပိုင်အလှတရားကို ယုံကြည်မှု ရှိပေမယ့် ဖန့်ကွယ်မင်ဟာ တစ်နှစ်ပတ်လုံး လှပတဲ့ အမျိုးသမီးတွေ ပြည့်

နက်နေတဲ့ ဖျော်ဖြေရေးနယ်ပယ်မှာ အလုပ်လုပ်ကိုင်နေသူ ဖြစ်သည်။ ဖန့်ကြွယ်မင်းနဲ့ အခြားချောမောလှပတဲ့ အမျိုးသမီး ကြယ်ပွင့်တွေ ချိန်းတွေ့တဲ့ သတင်းတွေ တွေ့မြင်ရတဲ့အခါ သူမ မနာလိုဖြစ်မိပြီး ပိုမိုချောမောလှပအောင် စွမ်းဆောင်ချင်ကာ သူမရဲ့ နေရာကို ခိုင်မြဲစေချင်မိသည်။ ပြီးတော့ သူမသာ ပိုမိုချောမောလှပလာရင် သူ့ဘေးနားမှာ ရပ်တည်ဖို့ ယုံကြည်မှု ပိုရှိလိမ့်မည်။

သူမရဲ့ အဒေါ်သာ တရုတ်ကို ပြန်မလာခဲ့ရင်၊ လီဝမ့်ကျင်းနှင့် ဖန့်ကျွင်းရုံ တို့သာ မကွာရှင်းခဲ့ရင် သူမသည် လီအိမ်တော်ရဲ့ အဖိုးတန် မိန်းမပျိုတစ်ဦး အဖြစ် ဆက်လက်ရှိနေလိမ့်မည်ဖြစ်ပြီး ဆံပင်ကြီးထွားဆေးခရင်မ်ကို သူမ အလိုရှိသလောက် ရရှိပေလိမ့်မည်။ ကျုံးရီကဲ့သို့ပင် သူမသည် ဤအရာများ ကို ဘယ်သောအခါမှ ရှားပါးလိမ့်မည် မဟုတ်ပေ။

သူမတို့ရဲ့ မတူညီကွဲပြားခြားနားတဲ့ အခြေအနေများကို တွေးပြီး သူမရဲ့ နှလုံးသားမှာ မယုံကြည်နိုင်လောက်အောင် ခါးသီးစေသည်။

သူမသည် လီရှစ်ကျီအကြောင်းကို ရံဖန်ရံခါ တွေးနေမိသည်။ ထို အကြင်နာမဲ့သည့် လူသားသည် သူမ ထွက်သွားပြီးနောက် အိမ်တံခါးသော့ ကို ပြောင်းလိုက်သည်။ တစ်ခါက သူမ ချက်ပြုတ်နေစဥ် ဟင်းခတ် အမွှေးအကြိုင်အချို့ ကုန်သွားသောကြောင့် အပြင်ထွက်ဝယ်ရာမှ သူ့အိမ်သို့ သွားခဲ့မိပြီး သော့ပြောင်းထားခဲ့သည်ကို တွေ့လိုက်ရသည်။

ကျန်းယာ့ကောသည် သူမအောက်နှုတ်ခမ်းကို အသာကိုက်ပြီး မိန်ဖုန့် ကော်ပိုရေးရှင်းရဲ့ တရားဝင်ဝဘ်ဆိုဒ်ကို ဝင်ကြည့်လိုက်သည်။ သူမ ကြည့် လေ စိတ်အနှောင့်အယှက် ဖြစ်လာလေပါပဲ။ ဖန့်ကြွယ်မင်းရဲ့ ချစ်သူအသစ် အနေဖြင့် သူမသည် သဘာဝကျစွာပင် ဖန့်ကြွယ်မင်းရဲ့ သတင်းကို ရှာဖွေ ကြည့်မိသည်။ ယခုအခါ သူ့လက်ချောင်းတွေက ပြန်လည်ကောင်းမွန်လာခဲ့

ပြီ ဖြစ်သည်။ အရင်က သူ့ကို ဖိနှိပ်ခဲ့တဲ့ သူဌေးမိသားစုမှာ ပြဿနာအချို့ ရှိနေခဲ့သဖြင့် ဖျော်ဖြေရေးနယ်ပယ်မှာ သူ့အခြေအနေဟာ အများကြီး တိုးတက်လာခဲ့သည်။ ထို့အပြင် သူသည် နာမည်ကြီး ရုပ်ရှင်ဇာကရာဇ်တစ်ဦးလည်း ဖြစ်သည်။ သူ့လက်ထဲ ဇာတ်ညွှန်းပေါင်းများစွာ လက်ခံရရှိခဲ့ပြီး ထိုဇာတ်ညွှန်းများထဲမှ တစ်ခုကို လက်ခံပြီး ထုတ်လုပ်ရေးအဖွဲ့မှာ စတင်ရိုက်ကူးနေခဲ့ပြီ။

မည်သို့ပင် ဆိုစေကာမူ သူမ သူ့နာမည်ကို ရိုက်ရှာလိုက်တာနဲ့ ချက်ချင်းပင် သူနဲ့ အမျိုးသမီးဇာတ်ဆောင်တွေအကြား ကောလဟာလသတင်းများစွာကို တွေ့ရှိရသည်။ ဖန့်ကွယ်မင်က သူမကို ဒါက လူထုအမြင်ကို ဆွဲဆောင်နိုင်ဖို့ ရေးသားထားသည့် သတင်းသက်သက်ပဲလို့ ပြောပေမယ့် ထိုချစ်စရာကောင်းပြီး ဆွဲဆောင်မှုရှိတဲ့ မျက်နှာလေးကိုကြည့်ရင်း ကျန်းယာ့ကောက အရမ်းခြိမ်းခြောက်ခံနေရသလို ခံစားနေရသည်။ သူက နေ့တိုင်း တူညီတဲ့ အမိုးအောက်မှာ ဒီလို အလှလေးကို အမြဲမြင်တွေ့နေရတော့ သဘောမကျဖို့ တကယ်ပဲ ဖြစ်နိုင်ပါ့မလား။

သူမ ဒီလိုပုံစံမျိုး အိမ်ထဲမှာပဲ ဆက်ထိုင်နေမယ်ဆိုရင် သိပ်မကြာခင် ဒါမှမဟုတ် နောက်ပိုင်းမှာ စွန့်ပစ်ခံရလိမ့်မည်။ သူမသည်လည်း နာမည်ကျော်ကြားသည့် မင်းသမီး ဖြစ်ချင်သည်။ ဒါပေ့ါ၊ သူမရဲ့ နာမည်ဂုဏ်သတင်းက အရမ်းမကောင်းပေမယ့် သူမထက် ဆိုးဝါးတဲ့ အတိတ်ဇာတ်လမ်းတွေ အများကြီးရှိသူတွေတောင် ရှိပါသေးသည်။ သူမတို့မှာ ခိုင်မာတဲ့ လူထုဆက်ဆံရေးအဖွဲ့ ရှိနေသရွေ့ ဒီလိုအသက်မွေးဝမ်းကျောင်းကို လုပ်နိုင်တုန်းပါပဲ။

သူမ အဲ့ဒီအကြောင်းကို အကြာကြီး စဥ်းစားပြီး နောက်ဆုံး၌ ကျန်းပိကို ဖုန်းခေါ်လိုက်သည်။ သူမလက်ဝယ် နောက်ထပ် ကျောက်စိမ်းဖြူဆေးခရင်

မ် တစ်ဗူး ရှိနေသရွေ့ သူမအတွက် အနောက်တံခါးများစွာ ဖွင့်ပေးနိုင်ပေလိမ့်မည်။

ကျန်းယာ့ကောဟာ ကျန်းပိကို ချက်ချင်း ဖုန်းခေါ်ဆိုခဲ့ပြီး သူမလက်ထဲတွင် ကျောက်စိမ်းဖြူဆေးခရင်မ် ကုန်သွားသည့်အတွက် နောက်ထပ် တစ်ဗူး ထပ်လိုချင်ကြောင်း တောင်းဆိုခဲ့သည်။ သူမသည် အနာဂတ်တွင် သူ့ရဲ့ ရက်ရောမှုအတွက် ကျေးဇူးဆပ်ပါ့မည်ဟု ကတိပေးခဲ့သည်။

နောက်ဆုံး၌ ကျန်းပိသည် သူ့အတွက် ခက်ခဲပေမယ့် သဘောတူလိုက်သည်။

ကျန်းယာ့ကောသည် ဖုန်းချပြီးနောက် အနည်းငယ် မပြုံးပဲ မနေနိုင်ခဲ့ပေ။

***

## အခန်း (၂၂၇)
## "ရှင့်လိုလူမျိုးက ကျွန်မရဲ့ ဖိနပ်သယ်ပေးဖို့တောင် မထိုက်တန်ဘူး"
## (၂)

နောက်တစ်နေ့ရောက်တော့ ကျန်းယာ့ကောက သူမကိုယ်သူမ လှလှပပ ဝတ်စားဆင်ယင်ထားသည်။ ဖန့်ကွယ်မင်နဲ့ တွဲပြီးနောက် သူမသည် နူးညံ့သိမ်မွေ့သော မိန်းကလေးအဖြစ်သို့ ပြန်ရောက်သွားခဲ့သည်။ ဖန့်ကွယ်မင်သည် အစားအသောက်နှင့် အခြားပစ္စည်းနှင့် ပတ်သက်လျှင် သူမကို အမြဲရက်ရောခဲ့သည်။

ချိန်းဆိုထားသည့်အချိန်တွင် သူမသည် ကျန်းပိထံမှ ဖုန်းခေါ်ဆိုမှု လက်ခံရရှိခဲ့ပြီး သူ့အတွက် တံခါးဖွင့်ပေးခဲ့သည်။

ကျန်းယာ့ကောသည် တံခါးကို အလျင်အမြန် ဖွင့်လိုက်သောအခါတွင် မျက်စောင်းထိုးမှ အခန်းရှေ့တွင် ရပ်နေသော ကျန်းပိကို မြင်လိုက်ရသည်။ သူမ ကိုယ့်ကိုယ်ကို ခေါင်းခေါက်လိုက်မိသည်။ လီရှစ်ကျီနဲ့ လမ်းခွဲလိုက်တဲ့ အကြောင်းကို သူ့ကိုပြောဖို့ သူမ မေ့နေခဲ့တာပဲ။

"ကျန်းပိ" ကျန်းယာ့ကောသည် သူမရဲ့ ပုံမှန်လို ချစ်စဖွယ်ကောင်းပြီး နူးညံ့သော အသံလေးဖြင့် အော်ခေါ်လိုက်သည်။

ကျန်းပိသည် အံ့သြတကြီး မျက်ခုံးပင့်လိုက်မိသည်။ "မင်းနဲ့ လီရှစ်ကျီတို့ အိမ်ပြောင်းလိုက်တာလား။" ပြီးတော့ အဆောက်အအုံတစ်ခုတည်းက ဘေးအခန်းကို ပြောင်းရွှေ့လိုက်တာလား။ ဒီလိုကိစ္စမျိုးကို ဘယ်သူက ပြုလုပ်မှာတဲ့လဲ။

ကျန်းယော့ကောရဲ့ အမူအရာသည် အနည်းငယ် တောင့်တင်းသွားသည်။ ကျန်းယော့ကောသည် သူမရဲ့ မျက်နှာပေါ်တွင် ဝမ်းနည်းပြီး နာကျင်မှုတွေ ရောယှက်နေတဲ့ အမူအရာကို ဆင်မြန်းထားခဲ့သည်။ "ကျွန်မ ရှစ်ကျိုနဲ့ လမ်းခွဲလိုက်ပြီ" သူမရဲ့ မျက်တောင်မွေးများပေါ်တွင် မျက်ရည်များ စိုလူးနေပြီး သူမကို မြင်ရတာ အရမ်းသနားဖို့ ကောင်းနေခဲ့သည်။

ကျန်းပိ အံ့အားသင့်သွားသည်။ သူသည် လီရှစ်ကျိုအတွက်ကြောင့်သာ ကျန်းယော့ကောနှင့် ဆက်ဆံရေးကောင်းကို ထိန်းသိမ်းထားတာ ဖြစ်သည်။ လွန်ခဲ့သော လအနည်းငယ်အတွင်း သူ့ရဲ့စမ်းသပ်ချက်များ မတိုးတက်လာသည့်အခါ လီရှစ်ကျိုရဲ့ တည်ရှိမှုသည် သူ့အတွက် ပိုအရေးကြီးလာခဲ့သည်။ သူ့မျက်နှာပေါ်မှ တည်ကြည်နေသော အပြုံးဟာ ပျောက်ကွယ်သွားပြီး ပိုအရိုင်းဆန်လာခဲ့သည်။ "မင်းတို့ ဘာဖြစ်လို့ လမ်းခွဲလိုက်တာလဲ။ မင်းတို့နှစ်ယောက် ရန်ဖြစ်ခဲ့ကြတာလား။"

အတိတ်တုန်းက သူတို့နှစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာဟာ ကမ္ဘာမြေကြီးပျက်သုဥ်းသွားရင်တောင် သူတို့က မပျက်စီးသွားမယ့် အချစ်မျိုးနဲ့ ချစ်ခဲ့ကြတာ မဟုတ်ဘူးလား။ ဒီချစ်ခြင်းမေတ္တာကြောင့် လီရှစ်ကျိုသည် သူ့အဖေရင်းကို အမြန် အသက်တိုစေခဲ့သည်။ ပြီးတော့ သူတို့က လအနည်းငယ် အကြာမှာပင် လမ်းခွဲလိုက်ကြပြီလား။

ကျန်းပိသည် တိုက်ခန်းတံခါးဝကနေ အထဲသို့ လှမ်းကြည့်လိုက်တာနဲ့ အမျိုးသားစီး ဖိနပ်အရံတစ်ချို့ကို မြင်တွေ့လိုက်ရပြီး ဝရံတာတွင် လှမ်းထားသည့် ဝတ်စုံအနည်းငယ်ကိုပင် တွေ့လိုက်ရသည်။

ကျန်းယော့ကောက အရမ်း ထက်မြက်တာပဲ။ သူမက လမ်းခွဲပြီးပြီးချင်းမှာပင် သူမဘေးမှာ နောက်တစ်ယောက် ရှိနေခဲ့ပြီ။ ဖိနပ်တွေရဲ့ တံဆိပ်ကို မြင်

လိုက်တာနဲ့ သူမရဲ့ ချစ်သူကောင်လေးအသစ်သည် သာမာန်တော့ မဟုတ်ပါဘူး။ ကျန်းပိသည် ကျန်းယာ့ကောနှင့် ခင်မင်ရင်းနှီးစဥ်က သူမသည် အလွန်လွယ်ကူကြောင်း သိသော်လည်း ဒီမြင်ကွင်းကို မျက်မြင် တွေ့လိုက်ရသောအခါတွင် စက်ဆုပ်ရွံ့ရှာမိသည်။ သူမသည် ဖြူစင်ပြီး အပြစ်ကင်းစင်သောပုံပေါက်ပြီး အမျိုးသားများကို ဆွဲဆောင်နိုင်သည့် သူမရဲ့စွမ်းရည်မှာ အလွန်ပြောင်မြောက်သည်။

"လီရှစ်ကျိက မသက်သာသေးဘူးလား။" ကျန်းပိ မေးသည်။

ကျန်းယာ့ကောသည် သူမအကြောင်း မေးမြန်းမလားလို့ ခဏစောင့်နေခဲ့ပေမယ့် ကျန်းပိက သူမအကြောင်းကို မေးမြန်းရမယ့်အစား သူမရဲ့ ရည်စားဟောင်းအကြောင်းကို တစ်ချိန်လုံး မေးနေခဲ့သည်။ သူမ၏ နှလုံးသားထဲတွင် ဆိုးရွားသော ကြိုတင်သတိပေးချက်တစ်ခု ရှိနေခဲ့ပြီး သူမနှုတ်ခမ်းတွေကို အသာဖွင့်ကာ "မသိဘူး" လို့ ပြောလိုက်သည်။

အခုတော့ ကျန်းပိသည် ပိုသေချာလာခဲ့သည်၊ လီရှစ်ကျိက ကျန်းယာ့ကောနဲ့ နောက်တစ်ကြိမ် ပြန်မရှိတော့မှာ သေချာသည်။ လီရှစ်ကျိလို ယောကျာ်းမျိုး မပြောနဲ့၊ ဘယ်ယောကျာ်းမှ ဒီလို စော်ကားမှုမျိုးကို သည်းခံနိုင်မှာမဟုတ်တဘူး။ ယောကျာ်းသားတစ်ယောက်ဟာ သူတို့ရဲ့ ချစ်သူကောင်မလေးက လိမ်လည်လှည့်ဖြားပြီး ဖောက်ပြန်တာကို လက်မခံနိုင်ကြဘူး။ ထို့ကြောင့် ကျန်းယာ့ကောအပေါ် တန်ဖိုးထားသည့် သူ့စိတ်တွေအားလုံးကို ဆုံးရှုံးသွားခဲ့သည်။ သူမသည် ရုပ်ရည်ချောမောပြီး ဆွဲဆောင်မှုရှိသော်လည်း မိန်းမလှများစွာကို သူ မြင်တွေ့ဖူးသည်။ ကျန်းယာ့ကောရဲ့ တစ်ခုတည်းသော တန်ဖိုးက လီရှစ်ကျိရဲ့ ရည်းစားဆိုသည့် အဆင့်အတန်းတစ်ခုပင် ဖြစ်သည်။

သူ့မျက်နှာပေါ်တွင် စိတ်မရှည်သည့် အရိပ်အယောင် ပေါ်လာခဲ့သည်။

"ဟုတ်လား။ ဒါဆိုရင်လည်း မင်းနဲ့ မင်းရဲ့ချစ်သူအသစ်တို့ သာယာပျော်ရွှင်ပြီး ဆက်ဆံရေး ခိုင်မြဲပါစေလို့ ငါ ဆုတောင်းပေးပါတယ်။"

ထိုသို့ ပြောပြီးသည်နှင့် သူက လှည့်ထွက်သွားဖို့ ပြင်သည်။

ကျန်းယာ့ကောသည် အံ့အားသင့်သွားပြီး သူ့လက်မောင်းကို လှမ်းဆွဲလိုက်သည်။ "ခဏနေပါဦး၊ ကျောက်စိမ်းဖြူဆေးခရင်မ်က ဘယ်မှာလဲ။"

ကျန်းပိသည် လှည့်ကြည့်ပြီး သူမလက်ကို ဖယ်လိုက်သည်။ သူ့ရှေ့က လောဘကြီးတဲ့ အမျိုးသမီးကို စက်ဆုပ်ရွံ့ရှာနေသောအကြည့်ဖြင့် ကြည့်လိုကသ်ည်။ သူမနဲ့ ပတ်သက်သည့် ကိစ္စရပ်တွေ အားလုံး ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။ သူ့နှုတ်ခမ်းထောင့်စွန်းဟာ မောက်မာသောအသွင်ဖြင့် ကွေးတက်သွားပြီး သူမကို ပြောလိုက်သည်။ "မင်းက ငါ့ရဲ့ အဖိုးတန်ပစ္စည်းတွေနဲ့ ထိုက်တန်တယ်လို့ တကယ် ထင်နေတာလား။"

ကျန်းယာ့ကောဟာ ကြက်သေ သေသွားခဲ့သည်။ ကျန်းပိသည် လုံးဝ ကွဲပြားခြားနားသော လူတစ်ဦးနှင့် တူလေသည်။ သူ့ရဲ့ အေးစက်ပြီး ကြမ်းကြုတ်သော အမူအရာသည် ယခင်က နူးညံ့သိမ်မွေ့ပြီး ထောက်ထားငဲ့ညှာတတ်သူနှင့် အလွန်ကွာခြားသည်။ ကျန်းယာ့ကောသည် သူမအခန်းထဲသို့ ပြန်ဝင်လာပြီးနောက် သူမနောက်ကျောဖက်မှ အခန်းတံခါးကိုပင် ပိတ်ရန် မေ့လျော့နေခဲ့သည်။

ဒါက ဘယ်လိုဖြစ်သွားတာလဲ။ အရင်တုန်းက ကျန်းပိက သူမကို ကြိုက်နှစ်သက်နေခဲ့တာ မဟုတ်ဘူးလား။ ဒီနေ့ သူမအတွက် ဆေးဗူးပေးဖို့ လာခဲ့တာ မဟုတ်ဘူးလား။

ဘာမှားသွားတာလဲ။

***